

# ဦးညွှတ်တဲ့ ခွပ်ဒေါင်းတွေ

သူရဲကောင်းတယောက်ရဲ့
နောက်ဆုံးအချိန်က
ကြေကွဲတိတ်ဆိတ်လျှက်
မျက်ရည်ကျမဲ့သူ တယောက်မှ မရှိ
ဂုဏ်မာန်အကာအရံ မရှိ
အမည်နာမနဲ့ အဆောင်အယောင် မရှိ
လိုက်ပါ ပို့ဆောင်မဲ့သူ မရှိ
ပကတိ ကြေကွဲ တိတ်ဆိတ်လို့။

သူရဲကောင်းဗိမာန်ပေါ်
ကိုင်းညွှတ်ပူဇော်နေကြတဲ့ တောပန်းတွေ
တောင်တန်းနဲ့ တောအုပ်တွေ
ညို့ညို့ မှိုင်းမှိုင်း ဥတု
ဦးညွှတ်ဂုဏ်ပြုနေရဲ့။

သူချစ်တဲ့မြေ
အမေ ဧရာဝတီ
အနောက်ဘက်ကမ်းဆီက
ရခိုင်ရိုးမတောင်တန်းတွေနဲ့
သူတို့ အိမ်တွေဆီကို
နောက်ဆုံးနုတ်ဆက်စကားတွေကိုတောင်
သယ်ဆောင်မသွားနိုင်ခဲ့ဘူး။ ။

နီလွင်သွေး(ဒသနိက)

(လူဘောင်သစ်ဒီမိုကတစ်ပါတီဝင်၊ ကျောင်းသားတပ်မတော် တပ်ရင်း(၆၀၁)မှ သူရဲကောင်းရဲဘော်များဖြစ်သော ရဲဘော်ကြည်ဆန်း၊ ရဲဘော်ဆန်းလင်းအောင်၊ ရဲဘော်ဝင်းကျော်၊ ရဲဘော်မွေးကြိုင်၊ ရဲဘော်အောင်သူ၊ ရဲဘော်မြင့်ဌေးဦး စတဲ့ သူရဲကောင်းဆန်စွာကျဆုံးသွားကျတဲ့ညီအကိုတော်များကိုဦးညွှတ်ဂုဏ်ပြု ပါသည်။)